ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၁)

(Village Development Project)

နမ့်တွန်းကျေးရွာအုပ်စု၊ နမ့်ဟူး(လားဟူ)ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နမ့်ဟူး(လားဟူ)ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	နမ့်ဟူး(လားဟူ)ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	နမ့်ဟူး(လားဟူ)ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	နမ့်ဟူး(လားဟူ)ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


ဩဂုတ်လ၊၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နမ့်ဟူး(လားဟူ)ကျေးရွာ
လားရှိုးမြို့နယ်


နမ့်ဟူး(လားဟူ)ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



နမ့်ဟူး(လားဟူ)ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



နမ့်ဟူး(လားဟူ)ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လာ:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်တွင် တည်ရှိပါသည်။ လားရှိုးမြို့၏ အရှေ့တောင်ဘက်အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၁၂)မိုင်ခန့်ကွာဝေးပါသည်။ နမ့်ဟူး(လားဟူ)ကျေးရွာ၏ အရှေ့နှင့်တောင်ဘက်တွင် လယ်ကွင်းများရှိပြီး အနောက်နှင့် မြောက်ဖက်တို့တွင် ရေထွက်ဦး၊ တောတောင်နှင့်သစ်တောများရှိပါသည်။ တောင်ကုန်း/တန်းများ ဝန်းရံတည်ရှိသောကြောင့် တောင်ယာစိုက်ပျိုးရေးကို အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြသည်။ ကျွန်တော်တို့ကျေးရွာတွင် သဘာဝအရင်းအမြစ်ဟူ၍ တောင်တန်းများသာ ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သံယဇာတများ(ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်) နှင့် ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ မရှိပါ။ ကျွန်တော် တို့ကျေးရွာတွင်သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ)ကိုအသင့်အတင့် တွေ့ရှိနိုင်ပါသည်။ သဘာဝဆေးဖက်ဝင်မျိုးစေ့များ ထွက်ရှိမှုနည်းပါးပါသည်။ မြစ်ရေ၊ ချောင်းရေများလည်း ရွာပတ်ဝန်းကျင်တွင် အနည်းငယ်သာရှိပါသည်။

၂။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် လားဟူလူမျိုးများ အများစုနေထိုင်ကြပါသည်။ အိမ်ထောင်စု (၅၆) အိမ်ရှိပြီး လူဦးရေစုစုပေါင်း(၂၉၂)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာတွင် နို့စို့အရွယ် ကျား(၂)ဦး၊ မ(၅)ဦး၊ ၅နှစ်အောက်ကလေးငယ် ကျား (၁၁)ဦး၊ မ(၆)ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား (၁၇)ဦး၊ မ(၁၇)ဦး၊ အလယ်တန်း ကျောင်းသား အရွယ် ကျား(၁၆)ဦး၊ မ(၁၀)ဦး၊ အလုပ်လုပ် နိုင် သည့်အရွယ် ကျား(၉၁)ဦး၊ မ(၈၄)ဦး၊ သက်ကြီးရွယ်ကြီး ကျား(၈)ဦး၊ မ(၁၂)ဦး ရှိပါသည်။ နမ့်ဟူး(လားဟူ)ကျေးရွာတွင် မိခင်နှင့်ကလေးငယ်များကို ပံ့မှန်ကာကွယ် ဆေးထိုးနှံမှုများ ရှိပါသည်။ အသက်၅နှစ်

ပြည့်ပြီးသော ကလေးငယ် များသည် ပညာသင်ကြားကြရပါသည်။ သက်ကြီးရွယ်အိုများသည် သဘာဝ သစ်သီး၊ သစ်ဥ များ၊ တောထွက်ပစ္စည်းများကို စားသုံးကြသောကြောင့် ကျန်းမာကြပါသည်။

၃။ စီးပွားရေးအခြေအနေ – ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော ကျေးရွာ ဖြစ်ပါသည်။ စပါးနှင့်ပြောင်းကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ပြောင်းအမျိုး များကို ရွာအနီးတွင်ရှိသော ပွဲရုံများထံတွင် ဝယ်ယူကြပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၇၀)ဧက၊ ယာမြေ/တောင်ယာမြေ (၂၈)ဧက၊ စုစုပေါင်း (၉၈)ဧက ရှိပါသည်။ ကျွန်တော်တို့ ရွာ၏ တောင်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစား တောင်ယာများဖြစ်ပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့်ဆောင်းရာသီများတွင် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ ကျွန်တော်တို့သည် တောင်ယာများတွင် စပါးနှင့်ပြောင်းကိုသာ စိုက်ပျိုးကြပါသည်။ တောင်ယာလုပ်ကိုင်ရာတွင် အလုပ်သမားဌားရမ်းခြင်းအလွန်နည်းပါသည်။ အကြောင်းမှာ ကျွန်တော်တို့ ဒေသသည် တောင်တန်းဒေသဖြစ်၍ လယ်ယာမြေတွင်တွင်ကျယ်ကျယ်မရှိပါ။ မွေးမြူရေးလုပ်ငန်း များကို တစ်နိုင်တစ်ပိုင်အဖြစ် မွေးလေ့ရှိပါသည်။ ဥပမာ–ကျွဲ၊ ဝက်၊ ကြက်တို့ဖြစ်ပါသည်။ ကျွန်တော်တို့ဒေသရှိ မြေများသည် မိုးရာသီ၌သာ အသုံးပြုနိုင်ပြီး ဆောင်းရာသီမှစ၍ ရေများ ခမ်းခြောက်လာကာ မြေအစိုဓာတ်များလည်း နည်းလာပြီး နွေရာသီတွင် လုံးဝ ခမ်းခြောက်သွား၍ မည်သည့်သီးနှံကိုမှ စိုက်ပျိုး၍မရပါ။ ချောင်းများရှိသော်လည်း တောင်ကျချောင်း များဖြစ်သဖြင့် မိုးရာသီတွင် ရေကြီးသော်လည်း နွေနှင့်ဆောင်းရာသီများတွင် ရေရှိရုံမျှပင်ဖြစ်သည်။ ထို့ကြောင့် နွေနှင့်ဆောင်းရာသီများတွင် မစိုက်ပျိုးနိုင်ပါ။ စိုက်ပျိုးရာ၌ မိုးရေကိုအဓိကအားထား စိုက်ပျိုး ရသောကြောင့် မိုးရာသီအချိန်တွင်သာ စိုက်ပျိုးကြရပါသည်။ ကျွန်တော်တို့ရွာတွင် စိုက်ပျိုးရေး လုပ်ငန်းမလုပ်ဘဲ ကျပန်းလုပ်ငန်းများကို လုပ်ကိုင်နေသော အိမ်ထောင်စုများလည်း အနည်း ငယ်ရှိပါသည်။ တချို့အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သော်လည်း ဝမ်းစာ မဖူလုံသောကြောင့် ရွာအနီးရှိ သူဌေးကြီးများထံသို့ သွား၍ ကျပန်းအလုပ်ကို လုပ်ကိုင်မှသာ လျှင် ဝမ်းစာ ဖူလုံမှုအသင့်အတင့်ရှိလာပါသည်။ ကျွန်တော်တို့ရွာ၏ စိုက်ပျိုးနိုင်သောမြေမှာ လယ်မြေနှင့် တောင်ယာမြေတို့ဖြစ်သည်။ လယ်မြေစိုက်ပျိုးရာတွင် နှစ်စဉ်နှစ်တိုင်းဓါတ်မြေဩဇာများသုံးစွဲကြ သဖြင့် မြေဆီလွှာအရည်အသွေး အလွန်ညံ့ပါသည်။ ထို့ကြောင့် ကျေးရွာတွင်ရရှိနိုင်သော နွားချေး၊ ဝက်ချေးနှင့် ကြက်ချေးများကို ရရှိနိုင်သမျှ ထည့်သွင်းအသုံးပြုကြပါသည်။

ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာ၏ မြေပိုင်ဆိုင်မှု(၅၀%)သည် ဆင်းရဲသား တောင်သူ များဖြစ်ပြီး မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု(၄၄.၆၄%) ရှိသော တောင်သူငယ်များသည်

လယ်ယာမြေ လုံလောက်မှုရှိပြီး၊ မြေပိုင်ဆိုင်မှု(၅.၃၆%)ရှိသော တောင်သူလတ်များသည် လယ်မြေပိုင်ဆိုင် မှု ဧကများပါသည်။ ၁၂.၅ဧကအထက် မြေယာပိုင်ဆိုင်သော တောင်သူကြီးနှင့် မြေယာမဲ့များ မရှိပါ။ ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာသည် ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် အများဆုံး ရှိသော ကျေးရွာဖြစ် ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ ရှိသော်လည်း မြေယာမဲ့ပိုင်ဆိုင်သူများ မရှိပါ။

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်းစိုက်ပျိုးခြင်းဖြစ်ပါသည်။ အထွက်နှုန်းသည် ရာသီဥတုဖြတ်ပိုးများပေါ် မူတည်၍ ပြောင်းလဲမှုအနည်းငယ် ရှိနိုင်ပါကြောင်း တွေ့နိုင်ပါသည်။ စပါးတစ်ဧကလျှင် ပျမ်းမျှတင်း(၂၀)မှ အများဆုံး တင်း(၄၀) ထွက်ရှိပါသည်။ ရာသီဥတုမမှန်၍ စပါးအထွက်နှုန်း နည်းပါသည်။ ပြောင်းတစ်ဧကလျှင် တင်း (၃၀) မှ အများဆုံးတင်း(၄၀)ထွက်ရှိပါသည်။ ကျွန်တော်တို့ရွာတွင် အဖိုးတန်သစ်တောများ ပြုန်းတီးလာခြင်းကြောင့် မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးခြင်း အနည်းငယ်ခံစားကြရပါသည်။ နမ့်ဟူး(လားဟူ)ကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထားမှာ သင့်တင့်မျှတပါသည်။ လယ်ယာမြေအားလုံးနီးပါးကို စိုက်ပျိုးနိုင်ပါသည်။ စိမ့်စမ်းရေမှ စိုက်ပျိုးရေကိုရရှိပြီး ပြောင်းနှင့် စပါးများကိုလည်း စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးချိန်တွင် လုံလောက်သောရေပမာဏကို မရရှိနိုင်ပါ။ ချေးငွေလိုအပ်ပါက မြစိမ်းရောင်စီမံကိန်းနှင့် ငွေတိုးချေးစားသူများထံတွင် ချေးယူရရှိနိုင်ပါသည်။ မျိုးစေ့၊ ဓာတု ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုကိုလည်း ဝယ်ယူရရှိနိုင် ပါသည်။ နည်းပညာ၊ အုပ်ချုပ်ရေးပိုင်ဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်လည်း ချိတ်ဆက်မှုမရှိကြပါ။ သီးနှံပေါ်ချိန်တွင် သီးနှံ များကို တရုတ်ဈေးကွက်ပေါ်မူတည်၍ ရောင်းချကြရပါသည်။ ဖျက်ပိုးနှင့် ရောဂါကျရောက်ပါက နီးစပ်ရာအချင်းချင်းမေးမြန်း၍ဝယ်ယူသုံးစွဲကြပါသည်။ ကျေးရွာတွင်း လက်တွန်းထွန်စက်မရှိဘဲ ၄ွားရမ်းလုပ်ကိုင်နေရသော တောင်သူအများစုရှိပါသည်။ ထို့ကြောင့် စက်မှုလိုအပ်ချက်များစွာ လိုအပ်ပါသည်။

ကျေးရွာအတွင်း မွေးမြူရေးလုပ်ငန်းမှာ ကျွဲ (၃၁)ကောင်၊ ဝက်(၆၅)ကောင်နှင့် ကြက်(၁၅၆)ကောင်ကို တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ ကျွဲများကို လယ်ယာများထွန်ယက် စိုက်ပျိုးရာတွင် ခိုင်းစေရန် အတွက် မွေးမြူကြ ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးကိုစီးပွားဖြစ် လုပ်ကိုင်သူမရှိပဲ တနိုင်တပိုင် သာမွေးမြူကြပါသည်။

၄။ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် စားနပ်ရိက္ခာ ဖူလုံမှုရှိပါသည်။ တိရစ္ဆာန်ကူးစက် ကျရောက်မှု အနည်းငယ် ရှိပါသည်။ ထင်း ခုတ်ခြင်းများကြောင့် သစ်တောပြုန်းတီးမှုများ ရှိပါသည်။ သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင်များ စိုက်ပျိုးခြင်းမရှိပါ။ ဥပမာ အားဖြင့် ကာကွယ်ထိန်းသိမ်းမှု၊ ပညာပေးမှု အားနည်းကြောင်း တွေ့ရှိရပါသည်။ ကျွန်တော်တို့

ရွာတွင် သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုကြောင့် မိုးခေါင်ခြင်းများ ရှိပါသည်။ စိုက်ပျိုးချိန်တွင် ရာသီဥတု မမှန်ခြင်း၊ မိုးခေါင် ခြင်းများ ဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ နွေရာသီ တွင် တိရစ္ဆာန်ကူးစက်ရောဂါ(ကြက်နာ)အနည်းငယ်ကျရောက်မှုရှိပြီး မိုးရာသီတွင် ကြိုတင် ကာကွယ် မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းကြောင့် ဒေါက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ် ခံစားရလေ့ရှိပါသည်။ သို့သော်ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ် ဆေးများ ဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများ ချိုင့်ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုနှင့် ဆင်းရဲသားတောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင်ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ဖြစ်ပါ သည်။

၅။ ကျန်းမာရေးနှင့်အာဟာရ

ကျွန်တော်တို့ကုံးယုန်းကျေးရွာတွင် ကျန်းမာရေးနှင့်ဆိုင်သောရောဂါဖြစ်ပွားမှုမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဒေါက်ဖျားရောဂါများကို မိုးရာသီတွင် အနည်းငယ်ခံစား ကြရပါသည်။ ရေကိုကျိုချက်သောက်သုံးခြင်း မပြုသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ များဖြစ်ကြပါသည်။ အစားအစာများကို အာဟာရပြည့်ဝစွာမစားသုံးခြင်းနှင့် ဆင်ခြင်မစားသုံးခြင်းများကြောင့် သွေးတိုးရောဂါများလည်း အနည်းငယ်ခံစားကြရပါသည်။ အခြားကူးစက်နိုင်သော ရောဂါများရှိနိုင် ပေမဲ့ စမ်းသပ်ကုသမှုများမရှိသောကြောင့် ရောဂါလက္ခဏာမပြ၍ မသိနိုင်ပါ။

၆။ ပညာရေးနှင့်ကျွမ်းကျင်မှု

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာ၏ ပညာရေးမှာ အလွန်မှေးမိန်လှ ပါသည်။ မူလတန်း ကျောင်းထွက်ဦးရေများလှပါသည်။ ၁၉၆၇ခုနှစ်မှစ၍ မူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ စာမတတ်သူဦးရေများလည်း အနည်းငယ်ရှိပါသည်။ ဘွဲ့ရပညာတတ် အလွန်နည်းပါးလှပါသည်။ ယခုလက်ရှိ ကျွန်မတို့ကျောင်းတွင် (၈)တန်းထိ ဖွင့်လှစ်နိုင်ပြီဖြစ်ပါသည်။ ကျွန်တော်တို့ရွာတွင် ရှိသော အတန်းထိသာ ပညာသင်ကြားနိုင်ပါသည်။ ရွာလည်တွင်ရှိသောကြောင့် ကျောင်းသို့ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်များဖြင့် တက်ရောက်ကြပါသည်။ ကျောင်းသုံးပရိဘောဂများမှာလည်း ကျောင်း ကော်မတီများမှ လိုအပ်သည်ကို ဖြည့်ဆည်းပေးသောကြောင့် လုံလောက်မှုရှိပါသည်။ ကျွန်တော်တို့ ရွာတွင် ဆရာမ(၆)ဦးဖြင့် ပညာသင်ကြား ပေးပြီး ကျောင်းအာဟာရ တိုက်ကျွေးမှုမှာလည်း ဆရာမများမှသာ စုပေါင်းတိုက်ကျွေးကြပါသည်။ ကျောင်းသားမိဘများမှာ တောင်ယာ အလုပ် လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ရာ သားသမီးများ၏ ပညာရေးကို လှည့်မကြည့် နိုင် သောကြောင့် ကျောင်းသား/သူများမှာ ရွာကျောင်းအတန်းပြီးလျှင် ကျောင်းထွက်ကြရပြီး မိဘများ၏ အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျွန်တော်

တို့ရွာနှင့်အထက်တန်းကျောင်းမှာ အလွန်ဝေးကွာလှပါသည်။ ငွေကြေးတတ်နိုင်သည့်မိဘများသာ ၎င်းတို့၏သားသမီးများကို ကျောင်းထားနိုင်ကြသောကြောင့် ငွေကုန်ကြေးကျများသော ပညာရေး ဖြစ် နေပါသည်။ နမ့်ဟူး(လားဟူ)ကျေးရွာတွင် အထက်တန်းကျောင်း၌ တက်ရောက်သူ(၁) ဦးသာ ရှိပါ သည်။ စီးပွားရေးအခက်အခဲများသောကြောင့် ကျောင်းမနေနိုင်ခြင်း၊ အထက်တန်း ပညာများ သင်ယူရန်မှာ ဝေးလံ ၍ သွားလာရခက်ခဲခြင်း၊ သွားရောက်နေထိုင်ရန်ဆွေမျိုး အသိမရှိခြင်း၊ ဘော်ဒါ ဆောင်ထားရန် ငွေကြေး ခက်ခဲမှု များ ရှိခြင်း တို့ကြောင့် ကျေးရွာတွင် စာမတတ်သူ ဦးရေ များပြားခြင်း၊ စကားပေါက်ရောက်မှုမရှိခြင်းတို့ကြောင့် အသိပညာဖွံ့ဖြိုးမှု နည်းပါးခြင်းများ ကြုံတွေ့ နေရပါသည်။

ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာတွင် ကျောင်းဆရာ/မ မလုံလောက်မှုကြောင့် ရောက် သင့်သည့် သင်ခန်းစာအထိ အချိန်မီမရောက်သဖြင့် အချိန်ပိုခေါ်ယူသင်ကြားနေရသောကြောင့် ကျောင်းသားများနှင့် ဆရာမများပင်ပန်းမှုနှင့် စိတ်ဖိစီးမှုတို့ ခံစားနေကြရပါသည်။ ဆရာနှင့် ကျောင်းသား မည်မျှမှုကြောင့် ပညာသင်ကြားမှုစွမ်းဆောင်ရည်များ လျော့နည်းလာရပါသည်။ ထို့ကြောင့် ကျောင်းပျင်းလှသော ကလေးများသည် စာပြီးရင်းစာ သင်ကြားနေရသဖြင့် တချို့မှာ ကျောင်းမပျော်တော့ဘဲ ရွာရှိအတန်းပညာကိုဆက်၍ မသင်တော့ပဲ ကွဲကျောင်း၍နေကြပါသည်။ လူကြီးများထားသော်လည်း လုံးဝမရတော့ပါ။ ထို့ကြောင့် ကျောင်းနေပျော်၍ စာတော်သောကလေး များ ဖြစ်စေရန် အထက်ပညာရေးမှူးများအနေဖြင့် ဆရာ/မများလုံလောက်စွာ ထားပေးစေလို ပါသည်။

၇။ ကျား-မ ဆက်နွယ်မှု

ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာရှိ ကျေးရွာရှိ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများမှာ ရှေးယခင်ကတည်းကပင် ပါဝင်ခွင့်၊ ခေါင်းဆောင်ခွင့် မရှိကြပေ။ သို့ရာတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ကျေးရွာ၏ သာရေး/နာရေးလုပ်ငန်းများတွင် ချက်ပြုတ်ရေး၌ ပါဝင်ကူညီဆောင်ရွက် ကြပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာ များ အတွက် လူထု၏ အသိအမြင်ရှိမှုတွင် ဥပဒေနှင့်ပတ်သက်သည့် ကိစ္စများကို လာရောက် ဟောပြော ခြင်း မရှိသောကြောင့် အသိအမြင်ရှိမှုအားနည်းပါသည်။ စိုက်ပျိုးရေးနှင့်စိုက်ပျိုးရေးမဟုတ်သော ကဏ္ဍများတွင် အမျိုးသားနှင့်အမျိုးသမီးများအတွက် တူညီသော အလုပ်အကိုင်အခွင့်အလမ်းများရှိပါသည်။

၈။ သဘာဝအရင်းအမြစ်များနှင့်ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်များမှာ အလွန်ကောင်းပါသည်။ ရွာတွင်သဘာဝ စိမ့်စမ်းရေမှ ရေကိုတစ်ရွာလုံး သောက်သုံးနိုင်ပါသည်။ သဘာဝစိမ့်စမ်းရေရရှိသော တောကိုလည်းစနစ်တကျထိန်းသိမ်းထားပါသည်။ ကျေးရွာတွင်းရှိ

လယ်ယာမြေများတွင် မြေဩဇာအလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာပျက်ဆီးခြင်းနှင့် ကြုံတွေ့နေရပါသည်။ လယ်ယာ၊ တောင်ယာများ ပိုမိုတိုးချဲ့လုပ်ကိုင်လာခြင်း၊ သစ်ပင်၊ ဝါးပင် များခုတ်ခြင်းကြောင့် သစ်တောများပြုန်းတီးလာပါသည်။ သစ်တောပြုန်းတီးလာမှုကြောင့် မြေဆီဩဇာ နည်းပါးလာခြင်း၊ စိုက်ပျိုးမြေများ အစိုဓာတ်နည်းပါးခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်လာပါသည်။ ဖျက်ပိုးများ ခရုများ ကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီများ မရယူဘဲ နီးစပ်ရာအချင်းချင်း (သို့မဟုတ်)မိမိ အစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း၍ နှိမ်နှင်း ကြပါသည်။ မြစ်ရေ၊ ချောင်းရေ များလည်း ရွာပတ်ဝန်းကျင်တွင် အနည်းငယ်သာရှိပါသည်။ ရေတွင်းကို အိမ်တိုင်းနီးပါး အသုံးပြု ကြပါသည်။ စွန့်ပစ်ပစ္စည်းများကို ကျင်းများတူး၍ စနစ်တကျမီးရှို့ကြပါသည်။

၉။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

နမ့်ဟူး(လားဟူ)ကျေးရွာရှိ တောင်သူလယ်သမားများသည် မြစိမ်းရောင်စီမံကိန်းမှ ချေးငွေ ရရှိနိုင်ပါသည်။ အတိုးကို(၆)လ(၁)ကြိမ်ဆပ်ပြီး ချေးငွေကို(၁)နှစ်(၁)ကြိမ်ဆပ်ရပါသည်။ မြစိမ်းရောင် စီမံကိန်း၏ အတိုးမှာ(၁%)ဖြစ်ပါသည်။ ငွေတိုးချေးစားသူတို့ထံမှချေးယူသူတို့သည် အတိုးနှုန်း များစွာ ပေး၍ ချေးယူရပါသည်။

၁၀။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် မိုးရာသီ၌ ဝမ်းပျက်ဝမ်းလျောရောဂါနှင့် ဌက်ဖျား ရောဂါကို အနည်းငယ်ခံစားရပါသည်။ ဧပြီလနှင့်မေလများတွင် သွေးလွန်တုပ်ကွေးရောဂါကို အည်းငယ်ခံစားရပါသည်။ ရာသီဥတုကူးပြောင်းချိန် ဆောင်းကုန်နွေအကူးချိန်တွင် ချောင်းဆိုး၊ နာစေးနှင့်အခြားရောဂါများ ဖြစ်တတ်ပါသည်။

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမများက မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုတာဝန်ယူပေးပါသည်။ ကာကွယ်ဆေးထိုးနှံ့မှုများတွင် ဆရာမ တစ်ဦးတည်းရှိသဖြင့် ကြန့်ကြာမှုအနည်းငယ်ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနတွင် ဆေးဝါး လုံလောက်မှုမရှိပါ။ ကျန်းမာရေးဝန်ထမ်းအင်အားမှာ (၅)ရွာမှ ဆရာမ တစ်ဦးသာလျှင် ရှိပါသည်။ အရေးပေါ် လူနာရှိပါက ရွာမှ ၁၂မိုင် ခန့်ကွာဝေးသည့် မြို့နယ်ဆေးရုံတွင် သွားရောက်ကုသရပါသည်။ မြို့သို့ မသွားနိုင်သော ဆင်းရဲသောရွာသားများသည် ရွာရှိဆေးဆိုင်ငယ်များကို အားကိုးရပါသည်။

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် အများပိုင်ရေတွင်း(၂)တွင်းသာရှိပြီး ကိုယ်ပိုင် အဝီစိတွင်းရှိသော အိမ်ထောင်စုမှာ(၁၅)စုရှိပါသည်။ မိုးရာသီ၊ ဆောင်းရာသီများသာ ရေပေါများပြီး နွေရာသီတွင် ရေထွက်နည်းပြီး ရွာသူ/သားများ ရေအခက်အခဲအနည်းငယ်ကြုံတွေ့ကြရပါသည်။

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အများအားဖြင့် သုံးစွဲကြပြီး မသန့်ရှင်းသောယင်လုံအိမ်သာများကို သုံးစွဲသည့်အိမ်ထောင်စုများလည်း ရှိနေသေးကြောင်း တွေ့ရှိရပါသည်။

၁၁။ လူငယ်နှင့်ယဉ်ကျေးမှု

ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ကျင့်ခန်း များ ဆောင်ရွက်ရန် အထောက်အကူပြုပြုပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေရန် နေရာများ၊ စာကြည့်တိုက်များ မရှိခြင်းတို့ကြောင့် လူငယ်များလေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ လူငယ်များသည် ရိုးရာဓလေ့များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းနေပါသည်။ လူငယ်အဖွဲ့များသည် လူပျိုခေါင်း၊ အပျိုခေါင်းများနှင့်ပူးပေါင်းပြီး လူမှုရေးနှင့်ဘာသာရေးများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လူငယ်များလေ့လာသင်ယူနိုင်မည့် လူငယ်ရိပ်သာ၊ စာကြည့်တိုက်များ မရှိပါ။

၁၂။ အခြေခံအဆောက်အဦးများလက်လှမ်းမီမှု– လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာ၏ ရွာချင်းဆက်လမ်းသည် ကတ္တရာလမ်းဖြစ်သောကြောင့် သွားလာရအဆင်ပြေသော်လည်း ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် ဆိုင်ကယ်များ သွားလာရာ၌ သွားလာရအလွန်ပင်ခက်ခဲလှပါသည် ။ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာတွင် မြစ်များ၊ ချောင်းများ မရှိသောကြောင့် တံတားများ မရှိပါ။ ကျွန်တော်တို့ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် ဆိုင်ကယ်၊ ကားနှင့်ထော်လာဂျီများကို အသုံးပြု ကြ ပါသည်။

ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာသည် မြို့နှင့်အလှမ်းဝေးသောကြောင့် ရွာတွင် မဟာဓာတ်အားလိုင်းမှ မီးမရရှိသေးပါ။ ကျွန်တော်တို့ကျေးရွာတစ်ရွာလုံး ဆိုလာမီးကိုသာ အသုံးပြုကြပါသည်။ မီးမလင်းသည့် အိမ်မရှိသလောက် ရှားပါသည်။ အချို့သော ဆိုလာဘက်ထရီများမှာ သက်တမ်းလွန်နေပြီဖြစ်သောကြောင့် ပျက်စီးနေကြောင်းတွေ့ရှိရပါသည်။

ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာတွင် ဖုန်း(၈၄)လုံးရှိပြီး MPT၊ Telenor ၊ Mytel ဖုန်းလိုင်းများ ရရှိသော်လည်း Internet လိုင်းမရရှိပါ။ နမ့်ဟူး(လားဟူ)ကျေးရွာတွင် ဖုန်း(၄၈)လုံး၊ ရေဒီယို(၁)လုံး၊တီဗွီ(၃၂)လုံး၊ဂြိုလ်တုစလောင်း(၂၉)လုံးရှိပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	အဝီစိတွင်းနက်တူးဖော်ခြင်းလုပ်ငန်း	၁	✔	✔			
၂	မဟာဓာတ်အားလိုင်းမှလျှပ်စစ်မီးရရှိရန် ဆောင်ရွက်ခြင်း	၂			✔	✔	✔
၃	ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၃			✔	✔	
၄	ကျေးရွာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့် သင်တန်း များပေးခြင်း	၄	✔	✔	✔	✔	✔
၅	အမျိုးသမီးများစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းဖွင့်လှစ်ခြင်း	၅	✔	✔	✔	✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) နမ့်ဟူး(လားဟူ)ကျေးရွာ

ကျေးရွာ	- နမ့်ဟူး(လားဟူ)ကျေးရွာ
ကျေးရွာအုပ်စု	- နမ့်တွန်းကျေးရွာအုပ်စု
မြို့နယ်	- လား:ရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- တွင်းနက်တူးဖော်ခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • နမ့်ဟူး(လားဟူ)ကျေးရွာတွင် စိမ့်စမ်းရေများရရှိသော်လည်း သန့်ရှင်းသော ရေကောင်းရေသန့်များ မရရှိခြင်း၊ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်းမရှိခြင်းစသည့်အခက်အခဲများစွာရှိသောကြောင့် တွင်းနက်တူးဖော်ခြင်း စီမံချက်ကို တောင်းခံရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ရေကောင်းရေသန့်ရရှိရန်၊ • သောက်သုံးရေလုံလောက်စွာ ရရှိရန်။	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • ရေကောင်းရေသန့်ရရှိခြင်း၊ • ရွာသူရွာသားများ ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ • စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ရွာရှိဘုန်းကြီးကျောင်းများတွင် ရေရရှိခြင်း၊ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • တွင်းနက်တူးဖော်ခြင်းလုပ်ငန်း(၄" Ø ၄၀၀')	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ခန့်မှန်းကုန်ကျစရိတ် (ကျပ်)**
• ၁၀၀၀၀၀၀၀(ငွေသား) • ၂၆၅၀၀၀၀(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)	• ၁၀၀၀၀၀၀၀(ငွေသား) • ၂၆၅၀၀၀၀(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၅၂	၁၄၀	၂၉၂	၃	၂၅	၂၂	၆	၅၆
အကျိုးခံစားမည့်သူဦးရေ	၁၅၂	၁၄၀	၂၉၂	၃	၂၅	၂၂	၆	၅၆
မှတ်ချက်။ ။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • **နမ့်ဟူး**(လားဟူ)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၆.၂.၂၀၂၁
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၅.၄.၂၀၂၁
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • တွင်းနက်တူးဖော်ရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။ • တွင်းနက်တူးဖော်ခြင်းအား မပျက်စီးအောင် ကျေးရွာသူ/ ကျေးရွာသားများ အားလုံး ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ကြာရှည်ခိုင်ခံ့တည်မြဲစေရန် ကျေးရွာရန်ပုံငွေဖြင့် အစဉ်ပြုပြင်ထိန်းသိမ်းသွားပါမည်။ • ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နမ့်တွန်းကျေးရွာအုပ်စု၊ နမ့်ဟူး(လားဟူ)ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးထွန်းအောင်	ဦးအိုက်အောင်	၁၃/ကမန(နိုင်) ဝ၉၁၃၇၃	၄၁	ဥက္ကဋ္ဌ	ဝ၉-၄၄၂၆၃၇၃၉၆
၂	ဦးကျော်လွင်ဝိုင်း	ဦးကျော်ဇော	၃/ဘအန(နိုင်) ၄ဝ၂ဝ၄ဈ	၂၅	အဖွဲ့ဝင်	ဝ၉-၇၉၂ဝ၁ဝ၁ဝ၄
၃	ဒေါ်ဂျိန်	ဦးပေါလု	၁၂/စခန(နိုင်) ဝ၆၃၉၇၇	၄၁	စာရင်းကိုင်	ဝ၉-၄ဝ၃၅၆၂ဝ၅၃
၄	ဦးဂျာလော	ဦးယာစီး	၁၃/လရန(နိုင်) ၁၄၂၃၆ဈ	၃၅	ဘဏ္ဍာရေးမှူး	ဝ၉-ဈ၉ဈဝ၁၇၉၅၅
၅	ဒေါ်ဟဲလီမွေး	ဦးကျာဟဲ	၁၃/လရန(နိုင်) ၂၄ဈ၉၅ဝ	၁၉	သော့ကိုင်	ဝ၉-၄၄၂၅ဈ၇၁ဝဈ
၆	ဒေါ်နှင်းဆီ	ဦးရှီမုန်	၁၃/သနန(နိုင်) ဝ၅၂၁၆၃	၂၃	သော့ကိုင်	ဝ၉-၆၉ဝ၇ဝ၅ဝဝဈ
၇	ဦးယောလ	ဦးကျာစီ	၁၃/လရန(နိုင်) ၂ဝ၇၄၅၁	၃၁	အတွင်းရေးမှူး	ဝ၉-၂၅၂ဝ၂၉၅ဝ

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်လွင်ဝိုင်း	ဦးကျော်ဇော	၃/ဘအန(နိုင်) ၄ဝ၂ဝ၄ဈ	၂၅	ဥက္ကဋ္ဌ	ဝ၉-၇၉၂ဝ၁ဝ၁ဝ၄
၂	ဒေါ်ဟဲလီမွေး	ဦးကျာဟဲ	၁၃/လရန(နိုင်) ၂၄ဈ၉၅ဝ	၁၉	စာရင်းကိုင်	ဝ၉-၄၄၂၅ဈ၇၁ဝဈ
၃	ဒေါ်နှင်းဆီ	ဦးရှီမုန်	၁၃/သနန(နိုင်) ဝ၅၂၁၆၃	၂၃	ဘဏ္ဍာရေးမှူး	ဝ၉-၆၉ဝ၇ဝ၅ဝဈ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၅	၇		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၁	၆	၁၇		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၇	၁၇	၃၄		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၆	၁၀	၂၆		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၉၁	၈၄	၁၇၅		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၁၂	၂၀		
စုစုပေါင်း		၁၅၂	၁၄၀	၂၉၂		
စုစုပေါင်း အိမ်ထောင်စု						၅၆

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာတွင် အိမ်ထောင်စု(၅၆)အိမ်ရှိပြီး လားဟူလူမျိုးများ အများစုနေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း (၂၉၂)ဦးဖြစ်ပြီး ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ ၁ နှစ်အောက်ကလေးများနှင့် (၁)နှစ်မှ (၄)နှစ်အထိ ကလေးများကို ကျေးလက်ကျန်းမာရေးမှ ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်ပေးပါသည်။ ကာကွယ်ဆေးများ မထိုးနှံကြသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကလေးများသည် မူလတန်းပညာကို ၆-၇နှစ်မှ စတင်တက်ရောက်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၂၄	၅၃		၄၃	၁၀	၁၈	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၂	၆၃		၄၈	၁၅	၄	မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၁	မြင့် ☐ လတ်☑ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း						၅	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း /							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ရာသီအလိုက် အလုပ်သမား							
၂	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၅၆	၁၁၆		၉၁	၂၅	၂၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ နမ့်ဟူး(လားဟူ) ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ တစ်ဦးစနှစ်ဦးစသာလျှင် တောင်ယာအားလပ်သည့်ချိန်များတွင် ပန်းရံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ထင်းခုတ်ခြင်း၊ စပါးနှင့်ပြောင်းခွဲလှေခြင်းလုပ်ငန်းများတွင် လုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းမှာ ကြီးကြီးမားမား မရှိဘဲ တိုင်တနိုင်သာ မွေးမြူကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊	နေ့စား	၁၀၀၀၀	၈၀၀၀	၈၀၀၀	၆၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ပန်းရံလုပ်ငန်း					
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦးလျှင် အများဆုံး(၈၀၀၀)မှ အနည်းဆုံး(၆၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၆၀၀၀)မှ အနည်းဆုံး(၄၀၀၀)ထိ ပေးရပါသည်။ ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများအတွက် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦးလျှင် အများဆုံး(၁၀၀၀၀)မှ အနည်းဆုံး(၈၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၈၀၀၀)မှ အနည်းဆုံး(၆၀၀၀)ထိ ပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင် မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။ တချို့အိမ်ထောင်စုများမှ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝမ်းစာမဖူလုံသောကြောင့် အခြားပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၇၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၈	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၉၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်

စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်မြေ၏ မြေဆီလွှာအရည်အသွေးမှာ ၁ ဧကအထွက်နှုန်း တင်း (၃၀)သာလျှင် ထွက်ရှိပါသည်။ မြေဩဇာနိုင်နိုင်ကျွေးနိုင်မှာသာလျှင် ရနိုင်သည့်ပမာဏဖြစ်ပါသည်။ ယခုအခါမိုးခေါင်ခြင်း၊ ရေအလုံအလောက် မရရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ ယာမြေတွင် မြေဆီလွှာ အရည်အသွေးမှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်မထည့်နိုင်ပါက အထွက်နှုန်းလျော့နည်းပြီး အရှုံးပေါ်နိုင်သည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအတွက် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်)များ မရှိပါ။ ကျောက်တောင်၊ သဲ၊ ကျောက်စရစ် စသည်များ အနည်းငယ်ရှိသော်လည်း အသုံးပြုနိုင်ရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာတွင် သဘာဝအပင် မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ)နှင့်သဘာဝတိရစ္ဆာန်မျိုးစိတ်များကို အသင့်အတင့်တွေ့ရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃	၂၅	၂၂	၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့် ခွဲခြားမှုနည်းလမ်းအရ အဆင်ပြေသော အိမ်ထောင်စု(၅.၃၆%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၄၄.၆၄%)၊ မပြေလည်သော အိမ်ထောင်စု(၃၉.၃၀%)၊ အလွန်မပြေလည်သော အိမ်ထောင်စု(၁၀.၇၀%)ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ ရှိသော်လည်း မြေယာမဲ့ပိုင်ဆိုင်သူများ မရှိပါ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ဖြစ်မှာ၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။။။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ နမ့်ဟူး(လားဟူ)ကျေးရွာတွင် ဖြင့်နှစ်အထက် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများနှင့် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မရှိပါ။ ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု(၂)စု ရှိပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✔			✔		
၂	လျှပ်တပြတ်ရေကြီးခြင်း	✔			✔		
၃	မုန်တိုင်းဒီရေ	✔			✔		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၄	ဆူနာမီ	✔			✔		
၅	တိုင်ဖုန်းမုန်တိုင်း	✔			✔		
၆	လေဆင်နာမောင်း	✔			✔		
၇	ငလျင်	✔			✔		
၈	အပူလှိုင်း	✔			✔		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✔			✔		
၁၀	အအေးလှိုင်း	✔			✔		
၁၁	မိုးသီးကြွေကျမှု	✔			✔		
၁၂	မိုးခေါင်ခြင်း		✔			✔	
၁၃	တောမီးလောင်ခြင်း		✔			✔	
၁၄	မြစ်ကမ်းပါးပြိုခြင်း	✔			✔		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔			✔		
၁၆	မြေပြိုခြင်း	✔			✔		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✔			✔		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✔			✔	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✔			✔	
၂၀	သစ်တောပြုန်းတီးခြင်း			✔			✔
၂၁	၄က်ဖျားရောဂါ		✔			✔	
၂၂	တီဘီရောဂါ		✔			✔	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔			✔		
၂၄	ကပ်ရောဂါ		✔			✔	
၂၅	ပြည်တွင်းပဋိပက္ခ	✔			✔		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✔			✔	
၂၇	လူကုန်ကူးခြင်း	✔			✔		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✔			✔	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ-
အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)
လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အချို့နှစ်များတွင် ရေကြီးခြင်းများ ဖြစ်တတ်ပါသည်။ ထိုအချိန်များ တွင် လယ်ယာများ ပျက်စီး၍ အထွက်နှုန်းများ လျော့နည်းပါသဖြင့် စားနပ်ရိက္ခာမဖူလုံမှုများ ဖြစ်ပါသည်။ အချို့တောင်သူများသည် သဘာဝမြေဩဇာများကို အသုံးမပြုပဲ ဓာတ်မြေဩဇာများကိုသာ အလွန်အကျွံ သုံးစွဲခြင်း၊ ပေါင်းသတ် ဆေးများ အသုံးပြုသောကြောင့် မြေဆီလွှာများပျက်ဆီးလာရပါသည်။ ၄င်းဖျားရောဂါ၊ တီဘီရောဂါနှင့် အခြားကူးစက်ရောဂါ များ ရာသီအလိုက်ဖြစ်ပွားတတ်ပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✔				✔	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✔				✔	
၃	ဆင်းရဲသားတောင်သူ		✔			✔	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	✔				✔	
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✔			✔		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✔				✔	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✔				✔	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✔				✔	
၉	ငါးကန်ပိုင်ရှင်များ	✔				✔	
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✔			✔	
၁၁	လူနည်းစုလူမျိုးများ	✔				✔	
၁၂	ဒေသတွင်းပဋိပက္ခရေရှည်တွင်နေထိုင်သူများ	✔			✔		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✔			✔		
၁၄	ရွှေတွင်းလုပ်သားများ	✔			✔		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✔			✔		
၁၆	နေရပ်ပြန်အခြေချသူများ	✔			✔		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✔			✔		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✔			✔		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များသည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ပညာကို လိုလိုလားလားသင်ယူရန် အားပေးမခံရခြင်းနှင့် အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် ထိခိုက်ခံရမှုများရှိပါသည်။ လက်လုပ်လက်စားကျပန်းများသည် အလုပ်အကိုင်အတိအကျမရှိသောကြောင့် မိုးတွင်းကာလတွင် စားဝတ်နေရေးခက်ခဲကြပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁□၂☑၃□	၇		၇	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၂	လူငယ်အဖွဲ့	၁□၂☑၃□	၇	၆	၁၃	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၃	အမျိုးသားအဖွဲ့	၁□၂☑၃□	၅		၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၄	အမျိုးသမီးအဖွဲ့	၁□၂☑၃□		၁၀	၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၅	မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့	၁□၂☑၃□		၅	၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၆	ကျန်းမာရေးအဖွဲ့	၁□၂☑၃□		၃	၃	ပညာရေး□ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့ဟူ၍ ကျေးရွာတွင်း ဖွံ့ဖြိုးရေးအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ လုံခြုံရေးနှင့်ကာကွယ်ရေးပိုင်းတွင် ရွာအဖွဲ့အစည်းရှိသော်လည်း ထိရောက်စွာမလုပ်ဆောင်နိုင်ခြင်းကြောင့် အလွန်အားနည်းပါသည်။ ကျေးရွာတွင်းအဖွဲ့များသည် ရပ်ရွာအကျိုးများ ကို

ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များ ဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။ လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၈	၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၅		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၅၆	၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာတွင် ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် အများဆုံးရှိသော ကျေးရွာဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ ရှိသော်လည်း မြေယာမဲ့ပိုင်ဆိုင်သူများ မရှိပါ။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီ အလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီ အလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီ အလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ရာသီ အလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ရာသီ	ရှိ☐မရှိ☑မဖြေဆိုပါ☐	လျော့☑တိုး☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
			အလိုက်□ မဖြေဆိုပါ□		အပြောင်းအလဲမရှိ□
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်☑ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့နမ့်ဟူး(လားဟူ)ကျေးရွာသည် လွန်ခဲ့သောနှစ်ကာလအတွင်း သဘာဝသစ်တော၊ စိမ့်စမ်းရေထွက်ရှိသော နေရာများနှင့် တိရစ္ဆာန်များ ပေါများသောဒေသဖြစ်ပါသည်။ လက်ရှိအချိန်တွင် စည်းကမ်းမဲ့ သစ်ခုတ်ခြင်းများကြောင့် သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်း၊ ချောင်း၊ မြောင်းများနှင့် စိမ့်စမ်းရေများ၌ ရေနည်းပါးလာခြင်း၊ စိုက်ပျိုးမြေယာများ အစိုဓာတ်ထိန်းသိမ်းမှုမရှိခြင်းများ ဖြစ်ပေါ်လာသောကြောင့် စိုက်ပျိုးရေအတွက် အခက်အခဲကြုံတွေ့နေရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေး ရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၈၁	တင်း	၃၀	၄၀	၃၅	မေ	အောက်တိုဘာ	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
